# Mobye People Defense Force

**ကြေ ညာ ချက် အမှတ်၊ ၁၅/ ၂၀၂၁။**

**ရက်စွဲ။ ဒီဇင်ဘာ(၂၅)ရက်၊ ၂၀၂၁ခုနှစ်။**

## သဘောထားထုတ်ပြန်ကြေညာချက်

**MB PDF** သည် မိုးဗြဲ ရဲစခန်းသိမ်းတိုက်ပွဲမှသည် ယခုအချိန်ထိ တော်လှန်ရေးစိတ်ဓာတ် အပြည့်ဖြင့် နိုးကြားတက်ကြွစွာ ရှိနေပါသည်။ **တူမီးမှသည် မောင်းပြန်** ကိုင်နိုင်သည်အထိ ထောက်ပံ့ကူညီခဲ့ကြသည့် အလှူရှင်တစ်ယောက်ချင်းစီတိုင်းကို အထူး ဂါရဝထား ကျေးဇူးတင်ရှိပါသည်။ စစ်အာဏာရှင်ကို အဘက်ဘက်မှ ကဏ္ဍမျိုးစုံဖြင့် တော်လှန်နေကြသည့် အစုအဖွဲ့အားလုံးနှင့် အစဉ်အမြဲ ရပ်တည်ပါသည်။

ထို့နည်းတူ မိုးဗြဲနယ်က ပြည်သူလူထုကြီးအနေဖြင့်လည်း တော်လှန်ရေးစိတ်ဓာတ်ကို ဆထက်တိုး မြှင့်တင်ကြဖို့ လေးစားစွာ တိုက်တွန်းအပ်ပါသည်။ အကြမ်းဖက်စစ်တပ်ကို တော်လှန်ရေးအဖွဲ့များစွာ အင်တိုက်အားတိုက် ခုခံတွန်းလှန်နေချိန်တွင် "တည်ငြိမ်အေးချမ်းရေး" ကို မခင်တွယ်ကြဖို့ သတိထားကြရမည့် အချိန်ဖြစ်ပါသည်။

တည်ငြိမ်အေးချမ်းရေးကို ပါးစပ်အာသာ ဖြေနေကြသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများကို **MB PDF နှင့် ဒေသတွင်း တော်လှန်ရေးအဖွဲ့များ**မှ အထူး သတိထားစောင့်ကြည့်နေပြီး တော်လှန်ရေးနှင့် သွေဖယ်နေသည့် လုပ်ရပ်များကို ရပ်တန့်ဖို့ အထူး သတိပေးအပ်ပါသည်။ တည်ငြိမ်အေးချမ်းရေးကို အကြောင်းပြကာ ငြိမ်းချမ်းရေးပွဲစားအသွင် ဖြစ်နေကြသည့် အဖွဲ့များကြောင့် အကြမ်းဖက်စစ်တပ်သည် မိုးဗြဲနယ်တွင် လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာနေသည်ကို ကျွန်ုပ်တို့အနေဖြင့် လုံးဝ လက်ခံနိုင်ခြင်း မရှိတော့ပါ။

တည်ငြိမ်အေးချမ်းရေးကို အကြောင်းပြကာ အကြမ်းဖက် စစ်တပ်၏ ကစားကွက်ထဲတွင် လုလုပပ ဝင်ကစားနေကြသည့် အစုအဖွဲ့များကြောင့် အကြမ်းဖက် စစ်တပ်၏ ယန္တရားများသည် မိုးဗြဲနယ်တွင် မသိမသာ စိမ့်ဝင်နေသည်ကို MB PDF အနေဖြင့် စုံစမ်းသိရှိရပါသည်။ ထို့ကြောင့် MB PDF အနေဖြင့် **မိုးဗြဲမြို့ရှိ တည်ငြိမ်အေးချမ်းရေးကော်မတီအား ထောက်ခံခြင်း မရှိတော့**သည်ကို သတိပြုစေချင်ပါသည်။

ဒေသတွင်း တော်လှန်ရေးတပ်ဖွဲ့များနှင့် ပူးပေါင်းကာ အကြမ်းဖက်စစ်တပ်ကို နည်းလမ်းမျိုးစုံဖြင့် ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ပါသည်။ အချိန်အခါမရွေး တိုက်ပွဲဖြစ်နိုင်သည်ကို သတိပြုပြီး ပြည်သူလူထုကြီးအနေဖြင့် အစစအရာရာ အသိနှင့်သတိ ယှဥ်တွဲကာ **ဘေးကင်းလုံခြုံမှုကို ပထမဦးစားပေးအနေဖြင့် ထားရှိဖို့** အသိပေးအပ်ပါသည်။ ပြည်သူလူထုကြီးအနေဖြင့် MB PDF လှုပ်ရှားမှုများနှင့် တိုက်ပွဲသတင်းအချက်အလက်များကို အင်တာနက်ပေါ်သို့ အလျင်စလို မတင်ကြဖို့ တောင်းဆိုပါသည်။

**မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်-MBPDF**

**သ တင်း နှင့် ပြန် ကြား ရေး**